# နေညိုညချမ်း

အရှင်ဉာဏိက



အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဘ၊ မြတ်ဂုဏအား၊ ဆပ်ညားပါလို၊ မိကိုလက်ျာ၊ ဘမှာ လက်ဝဲ၊ အမြဲထားလျက်၊ ပခုံးထက်တွင်၊ သို့ပင်နှစ်စု၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲနိုင်၊ မဆပ်နိုင်တည်း။ (ပုတ္တောဝါဒပျို့)

ဖေ့စ်ဘွတ်ခ်မှာ တရားစာလေးတစ်ပုဒ် ရိုက်ပေးပါလို့ တစ်ယောက်ကတောင်းဆိုလို့ ပုတ္တောဝါဒလာ အထက်ကဆုံးမစာ လင်္ကာလေးကို ရိုက်ပေးလိုက်တယ်။ ဒီဆုံးမစာလေး ရိုက်ပေးဖြစ်ရတဲ့အကြောင်းက ရင်းနှီးခင်မင်ရသူတစ်ဦးနဲ့ အလျင်နေ့က စကားပြောဖြစ်တာကြောင့်ပါ။

ခင်မင်ရသူတစ်ဦးနဲ့ အင်တာနက်ကနေ အမှတ်မထင် စာရိုက်ကာ စကားပြောဖြစ်တယ်။ စကားစပ်မိရင်း သူ့မိခင်ကြီး ကျန်းမာရေးအကြောင်း မေးဖြစ်တော့ သွေးပေါင်ချိန်တက်တဲ့အကြောင်းပြောပါတယ်။ မိခင်ကြီးက ကွန်ပလိန်းများတယ်။ စိတ်တိုလွယ်တယ်။ အများစုသော အရွယ်ကြီးသူတွေနဲ့စာရင် သူ့ရဲ့လက်ရှိအနေအထားကအများကြီးကောင်းတယ်။ ဒါပေမယ့် ဟိုဟာ ဒီဟာ အလိုမကျနိုင်မှုတွေ များတယ်ဆိုတဲ့ ညည်းညူသံစကားကိုထူးထူးဆန်းဆန်း ကြားရတယ်။

ပွင့်လင်းရင်းနှီးခင်မင်တဲ့ ဆက်ဆံရေးပုံစံရှိတဲ့ မိခင်နဲ့သမီးကြားမှာ ခုလိုဝေဖန်သံစွက်တဲ့စကားကို မထင်မှတ်စွာကြားရတော့ အတန်ငယ်အံ့ဩသလိုတော့ ဖြစ်မိပါတယ်။ ရင်းနှီးသူက အသိပညာနဲ့ ဆင်ခြင်နိုင်စွမ်း မြင့်မားတဲ့သူ။ ကျေးဇူးဂုဏ်တရားရဲ့ မြင့်မားတဲ့တန်ဖိုးကို သိနားလည်နိုင်စွမ်းရှိလောက်သူ။ ဒါကြောင့် ခုလိုကြားမိတော့အံ့ဩမိတာပါ။ ဟိုဟိုဒီဒီ အလိုမကျမှု သိပ်မများတဲ့ လူကြီးသူမ တစ်ဦးဦးနဲ့ နှိုင်းယှဉ်ကာ မိခင်အပေါ်မှာ ခုလိုအမြင်မျိုး ဖြစ်နေသလားလို့လည်း တွေးမိပါတယ်။ ဘဝပုံသဏ္ဍာန်နဲ့ အတွေ့အကြုံ ပုံစံမတူတဲ့သူတွေကို နှိုင်းယှဉ်ကာစဉ်းစားရင် ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ်၊ တစ်ဖက်ဖက်မှာ ပိုပိုသာသာ ဖြစ်သွားတတ်တာမျိုး ရှိတတ်တယ် မဟုတ်လား။

အသက်အရွယ်ကြီးရင့်သူတွေကို အနီးကပ်ကြည့်ရှုစောင့်ရှောက်ရတဲ့ အတွေ့အကြုံ သိပ်မရှိလို့ အသက်အရွယ်ကြီးရင့်သူတွေအကြောင်းကို ကောင်းကောင်းမသိပေမယ့် သက်ကြီးရွယ်အိုဆိုင်ရာ စိတ်ပညာအကြောင်းကိုအချိန်တော်တော်များများ လေ့လာသင်ယူဖူးထားလို့ အသက်အရွယ်ကြီးရင့်သူတွေမှာ ဖြစ်တတ်တဲ့ စိတ်ခံစားမှုသဘောတရားများကိုတော့ တော်တော်များများ သိထားပါတယ်။ အဲဒီလို သူတို့အကြောင်းကို သိရလို့လည်း

အလျင်က နားမလည်နိုင်ခဲ့တဲ့ လူကြီးသူမအချို့ရဲ့ ထိလွယ်ခိုက်လွယ် သဘောထားများအပေါ်မှာလည်း အလျင်ကထက် နားလည်ပေးနိုင်လာပါတယ်။

တခါခါမှာ သက်ကြီးရွယ်အိုအချို့ရဲ့ အလိုမကျနိုင်ဖြစ်နေတတ်ခြင်းရဲ့ အကြောင်းရင်းမှန်ဟာ သူတို့တကယ်တမ်း အလိုမကျနိုင်ဖြစ်နေတာတွေနဲ့ လုံးဝမဆိုင်တာမျိုးလည်း ရှိတတ်ပါတယ်။ ဒီအခါမျိုးမှာ လက်ရှိ ဘယ်အရာတွေ ဘယ်လောက်ပဲ ပြည့်စုံအောင် ဖြည့်ဆည်းဖြည့်ဆည်း၊ အလိုမကျနိုင်ဖြစ်ရခြင်းအကြောင်းရင်းက တခြားမို့ လိုအင်ဆန္ဒများလွန်းတယ်လို့ အထင်မှားမှုမျိုး ဖြစ်တတ်ပါတယ်။

စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာတွေမှာ ခွန်အားယုတ်လျော့လာတဲ့ သက်ကြီးရွယ်အိုများရဲ့ ပြုမူတွေးတောပုံတွေဟာ ငယ်ရွယ်သူများနဲ့ မတူနိုင်တာကတော့ ဖြစ်မြဲနိယာမတစ်ခုသာပါ။ တစ်ဦးချင်းစီရဲ့ သဘောထားနဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ ကွာခြားမှုကြောင့် မတူခြင်းရှိသလို မျိုးဆက်ကွာဟခြင်းကြောင့်လည်း ခြားနားခြင်း ဖြစ်နိုင်ပါတယ်။ မတူနိုင်တာတွေကို တူလာနိုင်စေဖို့ ညှိနှိုင်းလို့ ရနိုင်တဲ့အချို့ခြားနားခြင်းတွေ ရှိသလို လုံးဝညှိနှိုင်းလို့ မရနိုင်တဲ့ ခြားနားခြင်းတွေလည်း ရှိနိုင်ပါတယ်။ မတူနိုင်တဲ့ အချို့အရာတွေအတွက် စာနာတွေးနဲ့ ညှာတာပေးရတာမျိုးဆိုတာ အကြီးအငယ်ကြား၊ အားရှိအားမဲ့ကြားမှာ မြင့်မြတ်စိတ်ထားရှိသူတွေအတွက် သက်သေပြနိုင်စရာ သဘာဝက ပေးထားခဲ့တဲ့ လက်ဆောင်ကောင်းတစ်ခုသာပါ။ ဒီလက်ဆောင်မျိုးကို မြတ်နိုးစွာ ခံယူတတ်ဖို့ လိုပါတယ်။

ဟိုဟိုဒီဒီ အလိုမကျနိုင်မှု များတယ်လို့ ကိုယ်မြင်တဲ့ အသက်အရွယ် ကြီးရင့်သူတွေသူတို့အရွယ်ကို တစ်ချိန်မှာတော့ ကိုယ်ကိုယ်တိုင် ရောက်လာဦးမှာပါ။ ကိုယ်ကိုယ်တိုင် ဒီအရွယ်မျိုးရောက်လာတဲ့အခါ ကိုယ်မြင်တဲ့အမြင်မျိုး ကိုယ့်ကိုယ်အမြင်မခံရအောင် နေထိုင်တတ်ဖို့လို ကိုယ်ရောက်လာတဲ့အခါမှာ သူတို့လို ကိုယ်မဖြစ်စေဖို့ လိုမယ်ရယ်လို့ သူ့ကိုပြောဖြစ်ပါတယ်။

သူ့ကို ပြောဖို့မေ့သွားတဲ့စကားထဲမှာ သူတို့အရွယ် ကိုယ်ရောက်ရဦးမယ်ဆိုတာ မသေချာတဲ့အတွက် ခုသေချာနေတဲ့ သက်ကြီးရွယ်အိုတွေအပေါ်မှာ ဘယ်အရာကိုပဲဖြစ်ဖြစ် နားလည်ပေးနိုင်အောင် နေပေးပေးလိုက်ဖို့ ဆိုတာကိုပါ။ သက်ကြီးရွယ်အိုတွေကို နားလည်ပေးနိုင်ခြင်း၊ သူတို့အတွက် တတ်အားသမျှ ဖြူစင်စိတ်ထားနဲ့ ကူညီပေးခြင်းဆိုတာ မြင့်မြတ်တဲ့ လုပ်ရပ်ဆိုတာ လူတိုင်းနားလည်နိုင်ကြမှာပါ။

သက်ကြီးရွယ်အိုတွေကို ဖေးမကူညီဖို့အခွင့်အရေးကို အချိန်မရွေး၊ နေရာမရွေးမှာ ရနိုင်ပေမယ့် မိဘဆိုတဲ့ အနန္တဂိုဏ်းဝင် သက်ကြီးရွယ်အိုမျိုးကို ပြုစုစောင့်ရှောက်နိုင်ဖို့ အခွင့်အရေးကောင်းဆိုတာကိုတော့ အချိန်တိုင်း နေရာတိုင်းမှာ ရနိုင်လိမ့်မယ် မဟုတ်ပေဘူး။ လူတိုင်းလည်း ရနိုင်လိမ့်မယ် မဟုတ်ပေဘူး။ မိမဲ့ဘမဲ့ ဘဝနဲ့နဲ့နဲ့ ကြီးပြင်းခဲ့ကြရတဲ့သူတွေ၊ ကိုယ်ကတဖန် ကျေးဇူးတုံ့လုယ် ပြုစုစောင့်ရှောက်နိုင်တဲ့ အရွယ်ရောက်ကာမှ မိဘတွေက ကွယ်လွန်အနိစ္စရောက်ခဲ့ကြတာမျိုးတွေ၊ အဲဒီလို ဘဝတွေအတွက် ကျွေးမွေးစောင့်ရှောက်လိုပါတယ်ဆိုတာတောင်မှ အခွင့်က သာပေတော့မယ် မဟုတ်ပေဘူးပေါ့။ တကယ်တော့ ကုသိုလ်ကံထူးတဲ့ သားသမီးတို့မှာ သာလျင် မိအိုဘအိုတို့ကို စောင့်ရှောက်နိုင်တဲ့အခွင့်အလမ်း ရနိုင်ကြတာပါ။ အရွယ်အိုသူကို စောင့်ရှောက်ခွင့်ရခြင်း၊ အနန္တဂိုဏ်းဝင်ကို ပြုစုခွင့်ရခြင်း။ ဒါဟာဖြင့် နှစ်ထပ်ဖြစ်တဲ့ အမြတ်လက်ဆောင်လို့ ဆိုရမှာပါ။

မိဘဆိုတာ ထားလိုက်ပါဦးလေ။ ကိုယ့်ရဲ့အကြင်နာနှစ်လုံးသားကြောင့် လူတစ်ဦးတစ်ယောက် ဘဝတစ်ခုရဲ့ နေညိုညချမ်းမှာ စိတ်ချမ်းမြေ့ခြင်းဆိုတဲ့ရသလေး လှလှပပ ခံစားသွားရတယ်ဆိုလျင်ကိုပဲ ကိုယ့်အဖို့ ဘယ်လောက်တောင် ဂုဏ်ယူကျေနပ်ဖွယ် ကောင်းလိုက်ပါသလဲ။ ။